# ပခုက္ကူမြို့နယ် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့

**Pakokku People Defense Force - PPDF**

## ကြေညာချက်အမှတ် (၉/၂၀၂၁) ထုတ်ပြန်ကြေညာခြင်း

**နေ့စွဲ - ၂၄/၁၀/၂၀၂၁**

၁။ ၂၄-၁၀-၂၀၂၁ရက် နံနက်စနာရီချိန်ခန့်တွင် ပခုက္ကူမြို့ မြို့ရှောင်လမ်းနှင့် ရေစကြိုလမ်းထောင့်ရှိ စကစစစ်ဆေးရေးဂိတ်အား PPDFကြံ့တိုင်းတပ်ရင်းမှ တိုက်ခိုက်ရေးတပ်ဖွဲ့ဝင်များနှင့် Seven PDF အဖွဲ့တို့ ပူးပေါင်း၍ မိုင်းခွဲတိုက်ခိုက်ခဲ့ပြီး၊ယင်းနေရာသို့ရောက်ရှိလာသော အာဏာလုစကစအကြမ်းဖက်များအား အဝေးထိန်းစနစ်ဖြင့် မိုင်း(၂)ဆင့်ခွဲ၍ တိုက်ခိုက်ခဲ့ရာ စကစအကြမ်းဖက်အချို့ ထိခိုက်ဒါဏ်ရာရရှိခဲ့ပါသည်။

၂။ ထိုကဲ့သို့အခင်းဖြစ်ပြီးနောက် ဖြန်သန်းသွားလာကြသောပြည်သူများထဲမှ အပြစ်မဲ့ ပြည်သူတစ်ဦးအား စကစအကြမ်းဖက်များက အကြောင်းအရင်းမဲ့ ပစ်သတ်ခဲ့ကြောင်းမြေပြင် သတင်းရင်းမြစ်များ အရသိရှိရပါသည်။ ထိုကဲ့သို့အပြစ်မဲ့ပြည်သူတစ်ဦးအား ရက်စက်စွာပြုမူဆောင်ရွက်ခဲ့သော စကစ အကြမ်းဖက်များ၊ ယင်းတို့နှင့်ပတ်သက်ဆက်နွယ်ရာ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များအား မိမိတို့ PPDFအဖွဲ့မှ လုံးဝခွင့်လွှတ်မည့်မဟုတ်ကြောင်းနှင့် ထိရောက်စွာအပြစ်ပေး သုတ်သင်တိုက်ခိုက်သွားမည် ဖြစ်ပါသည်။

၃။ ပခုက္ကူမြို့နယ်အတွင်းရှိပြည်သူများအနေဖြင့် စကစအကြမ်းဖက်များနှင့် ဆက်စပ်နှီးနွယ်ရာ နေရာ၊ ဌာနများသို့ သွားရောက်ခြင်း၊ မလိုအပ်ဘဲမြို့တွင်းမြို့ပြင် သွားလာလည်ပတ်ခြင်းအား ရှောင်ရှားပေးကြပါရန်နှင့် အာဏာလုစကစအား အမြစ်ဖြတ်ချေမှုန်းနိုင်ရေးအတွက်တတ်စွမ်းရာကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက် ပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

**အဖွဲ့ခေါင်းဆောင် (ကိုယ်စား)**

**သတင်းပြန်ကြားရေးနှင့် ပြင်ပဆက်ဆံရေးတာဝန်ခံ**

**ပခုက္ကူမြို့နယ် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့**

**pdf.pku@gmail.com**